# Treasure Map for Ministry

## ရည်ရွယ်ချက်

တစ်ကိုယ်ရေသက်တာကနေ အမှုတော်လုပ်ငန်း ခေါင်းဆောင်မှုအထိ သင်ရင်ဆိုင်ရတဲ့ ဆုံးဖြတ်ချက်တိုင်းအတွက် ကျမ်းစာက လက်တွေ့ကျတဲ့ လမ်းညွှန်မှုနှင့် ဉာဏ်ပညာတွေ ဘယ်လိုပေးနိုင်တယ်ဆိုတာကို စူးစမ်းလေ့လာပါ။ ဒီသင်တန်းက သမ္မာကျမ်းစာဟာ စည်းမျဉ်းတွေထက်ပိုကြောင်းနှင့်၊ ယေရှုနှင့်ပိုမိုနက်ရှိုင်းတဲ့ဆက်ဆံရေးကို ဦးတည်စေတဲ့ ရတနာမြေပုံတစ်ခုဖြစ်ကြောင်း အလေးပေးပြောကြားထားပါတယ်။ ဘုရားက သင့်အတွက် ရည်ရွယ်ထားတဲ့ ဝမ်းမြောက်ခြင်း၊ အခွင့်အာဏာနဲ့ အသွင်ပြောင်းလဲမှုတွေကို ဖော်ထုတ်ရင်း ကျမ်းစာကို ရတနာမြေပုံအဖြစ် အသုံးပြုတတ်အောင်သင်ယူပါ။

## အကျဉ်းချုပ်

- အမှုတော်လုပ်ငန်းနှင့် ခေါင်းဆောင်မှုအတွက် ဘုရားရဲ့နှုတ်ကပတ်တော်က မရှိမဖြစ်လိုအပ်တယ်
- ဘုရားရဲ့ နှုတ်ကပတ်တော်ဟာ
    - ရတနာမြေပုံတစ်ခုဖြစ်တယ်
    - ယေရှုကို ဖွင့်ပြခြင်းဖြင့် ဝိညာဉ်ကို ပြန်လည်နိုးကြားစေပြီး၊ ကုစားခြင်းနှင့် အသက်ကို ယူဆောင်လာပေးတယ်
    - ယုံကြည်ထိုက်ပြီး ဘဝဆုံးဖြတ်ချက်တွေအတွက် ဉာဏ်ပညာနှင့် လမ်းညွှန်မှုတွေကို ပေးနိုင်တယ်
    - နှလုံးသားကို ဝမ်းမြောက်စေပြီး ဘဝရွေးချယ်မှုများအတွက် အခွင့်အာဏာတစ်ခုဖြစ်တယ်
    - တောက်ပပြီး မျက်စိအမြင်အတွက် အသွင်ပြောင်းလဲခြင်းနှင့် အလင်းရောင်တို့ကို ယူဆောင်လာပေးတယ်
    - ချိုမြိန်ပြီး ကျွန်ုပ်တို့ရဲ့ အားနည်းချက်တွေကို ဖွင့်ပြကာ ကြီးထွားမှုဆီသို့ ဦးတည်စေတယ်
- နှုတ်ကပတ်တော်မဖတ်မီ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လမ်းညွှန်မှုအတွက် ဆုတောင်းခြင်း

## ကိုးကားထားသောကျမ်းပိုဒ်များ

၂ ပေတရု ၁

ဆာလံ ၁၉:၇

ရောမ ၄

တမန်တော်ဝတ္ထု ၂၀:၃၅

နောက်ထပ်လေ့လာရန် မေးခွန်းများ

၁။ ကျမ်းစာဖတ်ဖို့ သင့်ရဲ့ကိုယ်ပိုင်ချဉ်းကပ်ပုံက ပိုင်ရှင်လက်စွဲတစ်အုပ် ဒါမှမဟုတ် ရတနာမြေပုံတစ်ခု ဘယ်ဟာနှင့် ပိုတူသလဲ။

၂။ ကျမ်းစာထဲမှာ အခြခံမူတွေကို ရှာဖွေခြင်းမှ ယေရှုကိုရှာဖွေခြင်းသို့ သင့်အာရုံကို ပြောင်းလဲဖို့ သင်လုပ်ဆောင်နိုင်တဲ့ လက်တွေ့ကျတဲ့ ခြေလှမ်းတချို့က ဘာတွေဖြစ်မလဲ။

၃။ ဘယ်လိုခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို သင်ရင်ဆိုင်နေရပါသလဲ။ အဲဒီဆုံးဖြတ်ချက်အတွက် ကျမ်းစာကို အခွင့်အာဏာအဖြစ် ဘယ်လိုအသုံးချနိုင်မလဲ။

**ဆက်လက်လေ့လာရန်ကျမ်းများ**

ယောရှု ၁:၈

၂ တိမောသေ ၃:၁၆–၁၇

ဆာလံ ၁၁၉:၁၀၅

ဟေဗြဲ ၄:၁၂

ယောဟန် ၁:၁၊ ၁၄